# တစ်ဝက်ကျော်

သိတဲ့အတိုင်း ရေတစ်ဝက်ရှိတဲ့ ဖန်ခွက်ကို အဆိုးမြင်သမားက တစ်ဝက်တည်းပါလားလို့ မြင်တယ်။ အကောင်းမြင်သူကျတော့ တစ်ဝက်တောင် ပါလားလို့ မြင်တယ်။

အဆိုးမြင်သူတွေ မှန်တာတောင်မှ သင်က အကောင်းမြင်သူတစ်ယောက်ရဲ့ မျက်လုံးနဲ့ သင့် ဖန်ခွက်ကို ကြည့်မယ်ဆိုရင် ရေဟာ တစ်ဝက်ကျော်ကျော် ရှိနေလိမ့်မယ်။





# သင့်ခွေးလေးဆီမှာ အပြေရှာ

သင် ဘယ်လောက် အရေးပါတယ်၊ အစားထိုးလို့ မရတဲ့နေရာမှာ ရှိတယ်ဆိုတာကို ပိုပြီးခိုင်ခိုင်မြဲမြဲ ယုံကြည်ချင်တယ်ဆိုရင် သင့်ရဲ့ ခွေးကလေး၊ ကြောင်ကလေးတွေအနား နောက်တစ်ခါ သင် ရောက်သွားတဲ့အခါ သူတို့ရဲ့ မျက်နှာမှာ စူးစမ်းလေ့လာ အပြေရှာကြည့်လိုက်ပါ။

သင်က သူတို့ကို မော်မော်ရွှေရွှေမလုပ်ဘဲ ဘာသိဘာသာ နေမိတဲ့အခါမှာတောင်မှ သူတို့ဟာ သင်ရှိနေတာနဲ့ကိုပဲ စိတ်တွေလှုပ်ရှားပြီး ခံစားမှုတစ်ခုခုဖြစ်နေတတ်တာ မဆန်းဘူးလား။